# ဖို့ဝိန်းမြို့တော်–ရပ်ကွက်အတွင်း၁၀၁လမ်းညွှန်ချက်

# ဖို့ဒ်ဝိန်းဝန်ဆောင်မှုများအတွက်နိဒါန်း။၊

## ၃၁၁ခေါ် ဆိုရေးစင်တာနှင့်ဝဘ်ဆိုဒ်စာမျက်နှာ။

၃၁၁သည်ဖို့ဒ်ဝိန်းမြို့ခံများအတွက်မြို့တော်နှင့်ကောင်တီဝန်ထမ်းများနှင့်ဌာနဆိုင်ရာများသို့ဆက်သွယ်ရန်ပိုမိုလွယ်ကူစေသည့် ဗဟိုခေါ်ဆိုရေးစင်တာနှင့် ဝဘ်ဆိုက်တစ်ခုဖြစ်သည်။ သတင်းအချက်အလက်များအတွက် ၃၁၁ သို့မဟုတ် ၂၆၀ ၄၂၇ ၈၃၁၁ သို့ခေါ်ဆိုရန်၊ တောင်းဆိုချက်တစ်ခုပြုလုပ်ရန်၊ ဆွေးနွေးချင်သည့် စိုးရိမ်ပူပန်မှုကိုဖော်ပြရန် သို့မဟုတ် သီးခြားဌာနခွဲ သို့မဟုတ် ဌာနတစ်ခုထံသို့ ဆက်သွယ်ညွှန်ကြားနိုင်သည်။ cityoffortwayne.custhelp.com ရှိ ၃၁၁ Citizen Services ဝဘ်ဆိုဒ်စာမျက်နှာသို့လည်း ဝင်ရောက်ကြည့်ရှုနိုင်သည် သို့မဟုတ် သင့်ဖုန်း သို့မဟုတ် ကွန်ပြူတာတက်ဘလက်တွင်၃၁၁မိုဘိုင်းအက်ပ်ကိုဒေါင်းလုဒ်လုပ်နိုင်ပါသည်။၃၁၁ကိုအရေးပေါ်အခြေအနေများအတွက်အသုံးပြုရန်မရည်ရွယ်ကြောင်းကျေးဇူးပြု၍သတိရပါ။အရေးပေါ်အခြေအနေကြုံနေပါက၉၁၁သို့ ချက်ချင်းခေါ်ဆိုပါ။

## ရဲဌာန။

ဖို့ဒ်ဝိန်းရဲဌာန (FWPD) သည် အများပြည်သူဆိုင်ရာ စည်းမျဥ်းစည်းကမ်းနှင့် လုံခြုံရေးကို ထိန်းသိမ်းထားပါသည်။ အကယ်၍ အဖြစ်အပျက်တစ်ခု ဖြစ်ပွားသော်လည်း ခြိမ်းခြောက်မှု သို့မဟုတ် ထိခိုက်ဒဏ်ရာရမှု မရှိပါက သို့မဟုတ် အခမ်းအနားတစ်ခုတွင် ရဲများရောက်ရှိရန် တောင်းဆိုလိုပါက (ဥပမာ- လမ်းတစ်လမ်းပိတ်ကာပါတီပွဲ) အတွက် ၂၆၀ ၄၄၉ ၃၀၀၀ သို့ အရေးပေါ်မဟုတ်သော နံပါတ်ကို အသုံးပြု၍ သို့မဟုတ် ၎င်းတို့၏ ဝဘ်ဆိုဒ် www.fwpd.org သို့ ဝင်ရောက်ကြည့်ရှုခြင်းဖြင့် ၎င်းတို့အား ဆက်သွယ်ပါ။ အရေးပေါ်အခြေအနေကြုံနေရပါက ၉၁၁ သို့ ချက်ခြင်းအကူအညီရယူပါ။

## မီးသတ်ဌာန။

ဖို့ဒ်ဝိန်းမြို့မီးသတ်ဌာန (FWFD) သည် မီးဘေးအန္တရာယ်ကို ကာကွယ်နှိမ်နင်းရန်၊ လူထုအား ကယ်ဆယ်ရေးနှင့် ပညာပေးခြင်း၊ ကျွမ်းကျင်ပညာရှင်များကိုလေ့ကျင့်ပေးခြင်းဖြင့်ကျွန်ုပ်တို့၏အသိုင်းအဝိုင်းအတွင်း အသက်ဆုံးရှုံးမှုကို နည်းလမ်းများစွာဖြင့်တားဆီးပေးပါသည်။ ပိုမိုသိရှိလိုပါက(၂၆၀၄၂၇၁၄၇၈)သို့ခေါ်ဆိုပါသို့မဟုတ် www.fortwaynefiredepartment.org သို့ဝင်ရောက်ကြည့်ရှုပါ။မီးဘေးနှင့်ပတ်သက်သောအရေးပေါ်အခြေအနေများတွင်၉၁၁သို့ခေါ်ဆိုပါ။

## ပြည်သူ့လုပ်ငန်းစဉ်။

ပြည်သူ့လုပ်ငန်းဌာနသည် ကျွန်ုပ်တို့၏မြို့တော်၏လမ်းများ၊ လူသွားစင်္ကြန်များနှင့် လမ်းမီးများကို ရေးဆွဲခြင်း၊ ဒီဇိုင်းရေးဆွဲခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် တာဝန်ရှိပါသည်။လူသွားလျှောက်လမ်းရှိ ဆောက်လုပ်ရေး၊ အဆောက်အဦးများ သို့မဟုတ် ဖြစ်ရပ်များ (လမ်းတစ်လမ်းလုံးပိတ်ကာပါတီပွဲလမ်းများကျင်းပခြင်း၊ နဖူးစည်းများ၊ တဲများ၊ နှင့် လမ်းစင်္ကြံတိုးတက်မှုများကဲ့သို့) နှင့်ပတ်သက်သည့် ဆွေးနွေးလိုသည့်အကြောင်းအရာများရှိပါက ထိုသူတို့အား ဆက်သွယ်ပါ။ ဤဌာနသည် မြို့တော်၏ အမှိုက်သိမ်းခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် သစ်ရွက်များ စုဆောင်းခြင်းတို့ကိုစီမံခန့်ခွဲသည့်အမှိုက်ဌာနလည်းဖြစ်သည်။၃၁၁ကိုခေါ်ဆိုပါသို့မဟုတ် cityoffortwayne.org/publicworks/public-works.html သို့ဝင်ရောက်ကြည့်ရှုပါ။

## ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်း။

ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲသည် မြို့တော်၏ပြန်လည်တည်ဆောက်ရေး၊ ရပ်ကွက်ဥပဒေ၊ သမိုင်းဝင်ထိန်းသိမ်းမှု၊ စီမံကိန်း၊အိမ်ရာ၊ရပ်ကွက်အတွင်းလုပ်ငန်းလည်ပတ်အောင်အသက်သွင်းခြင်းနှင့်ပြည်သူ့အနုပညာကြိုးပမ်းအားထုတ်မှုများကို ထည့်သွင်းထားသည်။ fwcommunitydevelopment.org သို့ ဝင်ရောက်ကြည့်ရှုခြင်းဖြင့် သို့မဟုတ် ၃၁၁ သို့ခေါ်ဆိုခြင်းဖြင့် ၎င်းတို့၏ လက်ရှိလုပ်ငန်းပရောဂျက်များနှင့် ကမ်းလှမ်းမှုများအကြောင်း ပိုမိုလေ့လာ နိုင်ပါသည်။

## တိရိစ္ဆာန်စောင့်ရှောက်ရေးနှင့်ထိန်းချုပ်ရေးလုပ်ငန်း။

တိရိစ္ဆာန်စောင့်ရှောက်ရေးနှင့်ထိန်းချုပ်ရေးဝန်ဆောင်မှုများသည်တိရိစ္ဆာန်များနှင့် လူသားများ ကျန်းမာစေရေးအတွက် ဆောင်ရွက်ပေးပါသည်။ အိမ်မွေးတိရစ္ဆာန် မွေးစားခြင်းနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ မေးခွန်းများနှင့် စိုးရိမ်ပူပန်မှုများကို ၎င်းတို့ထံ ဆက်သွယ်မေးမြန်းနိုင်သည် သို့မဟုတ် ပျောက်ဆုံးသွားသော သို့မဟုတ် လျစ်လျူရှုခြင်းခံထားသော တိရစ္ဆာန်များနှင့်ပတ်သက်သည့်ပြဿနာများကို တိုင်ကြားနိုင်ပါသည်။၃၁၁သို့ဖုန်းခေါ်ဆိုပါသို့မဟုတ်နောက်ထပ် အချက်အလက်များအတွက် cityoffortwayne.org/animal-care-and-control.html တွင်၎င်းတို့၏ဝဘ်ဆိုဒ်စာမျက်နှာသို့ဝင်ရောက်ကြည့်ရှုပါ။

## မြို့နှင့်ကောင်တီ/ခရိုင်ဇုန်သတ်မှတ်ရေး။

အဲလန်ကောင်တီစီမံကိန်းဝန်ဆောင်မှုဌာနသည်ဒေသဆိုင်ရာဇုန်သတ်မှတ်ခြင်းစံနှုန်းများအကြောင်းအချက်အလက်များကို ပံ့ပိုးပေးသည် (မည်သည့်အဆောက်အအုံအမျိုးအစား၊ အတိုင်းအတာနှင့် ပစ္စည်းများကို မည်သည့်နေရာတွင် အသုံးပြုနိုင်ကြောင်းသတ်မှတ်ပေးသည့်စည်းမျဉ်းများ)။ ၎င်းတို့၏ချိပ်ဆက်တွဲနိုင်သည့်အချက်အလက်ရေးဆွဲထားသည့်ဝဘ်ဆိုက် www.acimap.us သည်အိမ်ခြံမြေပိုင်ဆိုင်မှုနှင့်ဇုန်သတ်မှတ်မှုအခြေအနေဆိုင်ရာနောက်ထပ်အချက်အလက်များကိုရှာဖွေရန်နည်းလမ်းကောင်းတစ်ခုလည်းဖြစ်သည်။

## အိမ်နီးနားရပ်ကွက်ထဲကုဒ်သကေ်တ။

အိမ်နီးနားရပ်ကွက်ထဲကုဒ်သကေတသည်ဘေးကင်းသောအိမ်ရာစံနှုန်းများကိုလိုက်နာခြင်း၊လစ်လပ်နေသောအဆောက်အအုံများကိုလုံခြုံစေခြင်းနှင့် အထိအခိုက်ခံရသောရေိယာများကိုသန့်ရှင်းရေးပြုလုပ်ခြင်းဖြင့်ကျွန်ုပ်တို့၏အသိုင်းအဝိုင်း၏ကျန်းမာရေး၊ဘေးကင်းရေးလုံခြုံရေးနှင့်စံတန်ဖိုးထားမှုများပိုမိုကောင်းမွန်လာစေရန်ရပ်ကွက်ကျင့်ထုံးဥပဒေနှင့်အညီလိုက်နာဆောင်ရွက်ပေးပါသည်။ အန္တရာယ်ရှိမလုံခြုံသောအဆောက်အအုံများ၊ စွန့်ပစ်ထားသောယာဉ်များ၊ မြင့်သောမြက်ပင်များ သို့မဟုတ် ပေါင်းပင်များ၊ လစ်လပ်နေသောအဆောက်အဦးများနှင့်အမှိုက်များနှင့် အပျက်အစီးများကဲ့သို့သောစိုးရိမ်ပူပန်မှုများကိုတိုင်ကြားရန်၎င်းတို့ထံဆက်သွယ်ပါ။

## အဆောက်အဦးသကေ်တကုဒ်။

အဲလန်ကောင်တီအဆောက်အအုံဌာနသည် အဆောက်အအုံများ၊ အဆောက်အဦစနစ်များအတွက် ကုဒ်များနှင့် စံနှုန်းများကို ပြဋ္ဌာန်းထားသည်။ဆိုလိုသည်မှာ လျှပ်စစ်၊ အပူပေးစနစ်၊ ရေပိုက်နှင့် သန့်ရှင်းရေးစနစ်များ) နှင့် ဆိုင်းဘုတ်များအတွက် ကုဒ်များနှင့် စံနှုန်းများကို ပြဋ္ဌာန်းထားသည်။ ပါမစ်များရယူရန် သို့မဟုတ် အမျိုးမျိုးသောအဆောက်အအုံအရောင်းအဝယ်များအတွက် လိုင်စင်စာမေးပွဲများနှင့် လိုအပ်ချက်များအကြောင်း ပိုမိုလေ့လာရန် သင်၏နောက်ထပ်အဆောက်အအုံ သို့မဟုတ် ဆောက်လုပ်ရေးပရောဂျက်ကို မစတင်မီ ၎င်းတို့ကို ၃၁၁ သို့ခေါ်ဆိုခြင်းဖြင့်ဆက်သွယ်ပါ။ allencounty.us/building-department သို့ဝင်ရောက်ကြည့်ရှုပါ။

## ပန်းခြံများနှင့်အပန်းဖြေမှုများ။

Fort Wayne Parks and Recreation သည် အသက်အရွယ်နှင့် အရည်အချင်းအားလုံးရှိ Fort Wayne နိုင်ငံသားများအတွက် အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးပါသည်။ ၎င်းတို့သည် အပန်းဖြေမှု၊ ဖျော်ဖြေမှုနှင့် အပန်းဖြေလှုပ်ရှားမှုများကို ပေးဆောင်သည်။ Fort Wayne Parks and Recreation သည် ဒေသတွင်းပန်းခြံများ၊ ဂေါက်ကွင်းများနှင့် လမ်းအချို့ကို ထိန်းသိမ်းထားသည်။ ၎င်းတို့၏ဝဘ်ဆိုဒ် www.fortwayneparks.org သို့ဝင်ရောက်ကြည့်ရှုပါ၊ 311 သို့ခေါ်ဆိုပါ သို့မဟုတ် ပိုမိုသိရှိလိုပါက QR ကုဒ်ကို စကင်န်ဖတ်ပါ။

DEPARTMENT OF NEIGHBORHOODS City of Fort Wayne | AMP LAB AT ELECTRIC WORKS x CITY OF FORT WAYNE INDIANA

ဤလမ်းညွှန်ချက်ကို *City's Neighborhood Department* မြို့မရပ်ကွက်ဌာန နှင့် *AMP* စာတ်ခွဲခန်း ကျောင်းသားများမှ ဖန်တီးထားပါသည်။ ပိုမိုသိရှိလိုပါကကျွန်ုပ်တို့၏ဝဘ်ဆိုဒ်သို့ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် *QR* ကုဒ်ကိုစကင်န်ဖတ်ပါ။

**www.fortwayneguides.org**